**မြန်မာနိုင်ငံအား အတည်ပြုမှု**

MSG မှတ်ချက်များအတွက် တုံ့ပြန်မှု

သီးခြားလွတ်လပ်သော အတည်ပြုသူ Cowater Sogema

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်

ၾငင်းတို့၏ အထောက်အကူပြုသော တုံ့ပြန်မှုများအတွက် အတည်ပြုသူက MSG ကို ကျေးဇူးတင်လိုပါသည်။ MSG မှ မှတ်ချက်များအတွက် အတည်ပြုသူ၏ တုံ့ပြန်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**သတ်မှတ်ချက် ၁-၁၊ အစိုးရ ပါဝင်ဆောင်ရွက်မှု**

MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။ အစိုးရ အဆင့်မြင့် အရာရှိများ ပါဝင်မှုကို ဤအတည်ပြုမှု အစီရင်ခံစာ (အချက် ၄.၁) တွင် အကြံပြုချက်အဖြစ် ပါရှိပြီးဖြစ်ပါသည်။

**သတ်မှတ်ချက် ၁-၂၊ လုပ်ငန်း ပါဝင်ဆောင်ရွက်မှု**

MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ လုပ်ငန်းအစီအစဉ်များအား အတည်ပြုမှု၊ နှစ်ပတ်လည် တိုးတက်မှု အစီရင်ခံစာများနှင့် ဆက်နွှယ်နေသော လုပ်ငန်းစဉ်များကို MSG ပြင်ပရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများက သတိမမူမိကြောင်းနှင့် အချို့မှာ EITI အစီရင်ခံစာနှင့် ပတ်သက်သည့် ၎င်းတို့၏ ဝေဖန်ပြောဆိုမှုများအား မည်သို့ ပို့ရမည်ကို သတိမမူမိကြောင်း ပူးပေါင်းဆောင်ရွက်သူများ တိုင်ပင်ဆွေးနွေးမှုများက ပြခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများအားလုံးသည် ဖက်စပ်လုပ်ငန်းများမှတစ်ဆင့် MOGE နှင့် ပူးပေါင်းပါဝင်ကြသော်လည်း ၎င်းကို ၁၀၀% ပါဝင်ဆောင်ရွက်မှုရှိသည်ဟု ဆိုလိုရန် ကောက်ချမချသင့်ပေ။ MSG အဖွဲ့ဝင်များမဟုတ်ကြသည့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်သူများအနေဖြင့် EITI လုပ်ငန်းစဉ်တွင် ပြည့်ပြည့်ဝဝ ပါဝင်ကြောင်း သေချာစေရန် အစိုးရအနေဖြင့် ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် ဤအတည်ပြုမှု အစီရင်ခံစာ (အချက် ၄.၂) ပါ ထောက်ခံအကြံပြုချက်နှင့် နီးစပ်စွာ ကိုက်ညီသည့် စစ်တပ်သည့် ဆက်နွှယ်နေသည့် ကုမ္ပဏီများ၏ ပါဝင်မှုကို ရရှိရန် လိုအပ်မှုကြောင်း အလေးပေးထားသည့် MSG ၏ မှတ်ချက်ကို အတည်ပြုသူက သဘောတူပါသည်။ အဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၁-၃၊ အရပ်ဘက်အဖွဲ့အစည်း ပါဝင်ဆောင်ရွက်မှု**

MSG အနေဖြင့် ဆန်းစစ်အကဲဖြတ်မှုတွင် ပြောင်းလဲမှုတစ်ခုကို ထောက်ခံအကြံမပြုကြောင်း အပါအဝင် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ အထူးသဖြင့် နိုင်ငံလုံးဆိုင်ရာ မဟုတ်သည့် အဆင့်တွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုအပေါ်တွင် ဥပဒေဖြင့် ကန့်သတ်တားဆီးမှုဆိုင်ရာ ကိစ္စရပ်ကို ကနဦးဆန်းစစ်မှုတွင် မှတ်သားထားပြီး ဤအတည်ပြုမှု အစီရင်ခံစာပါ ထောက်ခံအကြံပြုချက် ၄.၂ တွင် ထင်ဟပ်မှုဖြစ်သည်။ စိတ်ကျေနပ်ဖွယ်ဟု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၁-၄၊ MSG အုပ်ချုပ်မှု**

MSG မှ ဝေဖန်ပြောဆိုမှုများနှင့် ဤအတည်ပြုမှု အစီရင်ခံစာပါ ထောက်ခံအကြံပြုချက်နှင့် သဘောတူညီမှု ကို အတည်ပြုသူက မှတ်သားထားပါသည်။ EITI အစီရင်ခံစာတွင် ရေအားလျှပ်စစ် ပါဝင်မှု ကိစ္စရပ်သည် အတည်ပြုမှု စတင်ပြီးနောက် ပေါ်ပေါက်လာခဲ့သည်။ EITI အစီရင်ခံမှုတွင် သစ်တော ပါဝင်မှု အပြင် ထုတ်လုပ်မှု အချက်အလက် ချိန်ညှိခြင်း ကဲ့သို့သော MATA ၏ ထောက်ခံအကြံပြုချက်များကို MSG က အတိတ်ကာလတွင် ကျင့်သုံးခဲ့ကြောင်းကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၁-၅၊ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်**

MSG မှ ဝေဖန်ပြောဆိုမှုများနှင့် ဆန်းစစ်အကဲဖြတ်မှုနှင့် သဘောတူညီမှုကို အတည်ပြုသူက မှတ်သားထားပါသည်။ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ထင်ဟပ်ဖော်ပြရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပမည်ဖြစ်ကြောင်းနှင့် စွမ်းဆောင်ရည် အကန့်အသတ်များအား ဖော်ထုတ်ခြင်းအပြင် အမျိုးသားဆိုင်ရာ ဦးစားပေးမှုများအား လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ဦးတည်ချက်များကို ဆက်စပ်ခြင်း ပါဝင်မည်ဖြစ်ကြောင်းမှာ ကြိုဆိုစရာ ဖြစ်ထွန်းတိုးတက်မှုတစ်ခုဖြစ်သည်။

**သတ်မှတ်ချက် ၁-၆၊ ဥပဒေရေးရာ မူဘောင်**

သတ္တုတူးဖော်ရေးကဏ္ဍ စည်းမျဉ်း စည်းကမ်းများမှာ အွန်လိုင်းတွင် ရရှိနိုင်ပြီး ဖြစ်ကြောင်းနှင့် EITI အား လေးစားလိုက်နာမှုကို သေချာစေရန် မြန်မာနိုင်ငံတွင် လက်ရှိ ဥပဒေများအား ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၂-၂၊ လိုင်စင် ချထားပေးခြင်းများ**

လတ်တလော လိုင်စင်ချထားပေးမှုနှင့် စပ်လျဉ်း၍ MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ လိုင်စင်ချထားပေးမှု လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းမှု ရရှိရန် MSG က ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်းကို အသိအမှတ်ပြုပါသည်။ M-7 နှင့် AD-10 လုပ်ကွက်များကို ၂၀၁၅ မတိုင်မီအထိ လက်မှတ်မထိုးသေးကြောင်းကိုလည်း အတည်ပြုသူက မှတ်သားထားပါသည်။ သတ္တုတူးဖော်ရေးကဏ္ဍ အတွက် စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်သော အချက်အလက်များကို အတည်ပြုသူက မှတ်သားထားပါသည်။ ၎င်းပြင် လတ်တလော တိုးတက်ဖြစ်ထွန်းမှုတစ်ခုရှိပြီး၊ တရားဝင်အောင်ပြုလုပ်နေသော ကာလနှင့် မသက်ဆိုင်ကြောင်းကိုလည်း မှတ်သားထားပါသည်။ ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၂-၃၊ လိုင်စင် မှတ်ပုံတင်ခြင်း**

MEITI ဝက်ဘ်ဆိုက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုင်စင်များနှင့် ပတ်သက်သည့် ထပ်ဆောင်းအချက်အလက်များ ပေးအပ်ရေးတွင် လတ်တလော တိုးတက်ဖြစ်ထွန်းမှုများ အပြင် အွန်လိုင်းတွင်လည်း ရရှိနိုင်သော သတ္တုတူးဖော်ရေးလိုင်စင် အချက်အလက် နှင့် စပ်လျဉ်းသည့် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ သို့ရာတွင် ဤနောက်ဆုံးအခြေအနေများသည် အတည်ပြုမှု စတင်ပြီးနောက် ဖြစ်ပေါ်ခဲ့သည်၊ ထို့ကြောင့် ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၂-၄၊ သဘောတူစာချုပ်ကို ဖွင့်ချပြောပြခြင်း**

ဘဏ္ဍာရေးဆိုင်ရာ ပုံစံတစ်ခု ဖြစ်ထွန်းတိုးတက်မှုနှင့် သဘောတူစာချုပ်ပုံစံများ အွန်လိုင်းတွင် ရရှိနိုင်မှု အပြင် အလယ်အလတ်စကေး ကျောက်မျက် စူးစမ်းလေ့လာရေးနှင့် ထုတ်လုပ်မှု သဘောတူစာချုပ်များ ထုတ်ဝေခြင်း ဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုများနှင့် ပါ စပ်လျဉ်းသည့် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၂-၅၊ အကျိုးပြုသော ပိုင်ဆိုင်မှု ဖွင့်ချပြောပြမှု**

အကျိုးပြုသော ပိုင်ဆိုင်မှု ဖွင့်ချပြောပြခြင်းနှင့် ပြည်ထောင်စု အဆင့် ဝန်ကြီးဌာနတစ်ခုစီတွင် အကျင့်ပျက်ခြစားမှု ကာကွယ်ရေး ဌာနများ တည်ထောင်ခြင်းတို့နှင့် စပ်လျဉ်းသည့် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။

**သတ်မှတ်ချက် ၂-၆၊ အစိုးရ ပါဝင်မှု**

MOGE ၏ ဘတ်ဂျက်မှာ လုံးလုံးလျားလျား အစိုးရ ထည့်ဝင်မှုများဖြစ်ကြောင်း၊ MOGE သည် သုံးစွဲခဲ့သည့် ကုန်ကျစရိတ်များနှင့် ပြန်ရသည့် ကုန်ကျစရိတ်များအပြင် ရင်းနှီးရန် ငွေသား ထပ်လောင်းတောင်းခံမှုများကို နောက်လာမည့် EITI အစီရင်ခံစာများတွင် ဖွင့်ချပြောပြမည်ဖြစ်ကြောင်း၊ နှင့် ၂၀၁၆ ခု အများပြည်သူ ကြွေးမြီ ဥပဒေအရ ပြင်ပကြွေးမြီများ အားလုံးသည် အချုပ်အချာ အာဏာပိုင်သော အာမခံမှုတစ်ခုကို ရရှိကြပြီး ၎င်းမှာ MOPF ၏ တာဝန်ဖြစ်ကြောင်း ဘဏ္ဍာတိုက် ရှင်းလင်းပြောပြမှုနှင့် စပ်လျဉ်းသည့် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။

သို့ရာတွင် ကနဦးဆန်းစစ်မှုတွင် မှတ်သားထားသည့်အတိုင်း၊ MOGE, ME 1, 2 နှင့် 3 နှင့် MGE တို့၏ အကျိုးအမြတ်များနှင့် ဆက်စပ်နေသော စည်းကမ်းသတ်မှတ်ချက်များကို ဤအစီရင်ခံစာတွင် လုံလောက်စွာ မဖော်ပြပေ။ ၎င်းပြင် သတ္တုတူးဖော်ထုတ်လုပ်ရေး စီမံကိန်းများတွင် SOE အားလုံး၏ ရှယ်ယာတန်ဖိုးများနှင့် ဆက်စပ်နေသော စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံအနေဖြင့် ဖော်ထုတ်ပြောပြရန် လိုအပ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းတွင် ဖက်စပ်လုပ်ငန်း အစုစပ်ဝင်များကိုယ်စား

အခွန်ပေးချေမှု အသေးစိတ်အချက်အလက်များ နှင့် အထွေထွေ ဝင်ငွေများ အပါအဝင် စီမံကိန်း သက်တမ်း၏ လုပ်ငန်းအဆင့်အမျိုးမျိုးတွင် အသုံးစရိတ်များကို ကာမိရန် SOE ၏ တာဝန်ဝတ္တရားကိုလည်း ၎င်းအနေဖြင့် ထုတ်ဖော် ပြောပြသင့်သည်။ နောက်ဆုံးအနေဖြင့် UMEHL နှင့် MEC တို့သည် အစိုးရပိုင် ကော်ပိုရေးရှင်များ ဖြစ်သလားဆိုသည်ကို မြန်မာနိုင်ငံအနေဖြင့် ရှင်းလင်းဖော်ပြရန် လိုအပ်သည်။ ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၃-၂၊ ထုတ်လုပ်မှု အချက်အလက်များ**

ကျောက်မျက် ကဏ္ဍတွင် အစိတ်အပိုင်းများ ခွဲခြားထားသော အချက်အလက်များ အဘယ်ကြောင့် ကင်းမဲ့ရသည်ကို (AI ၏ အချက်အလက် ပုံစံများကို နားမလည်နိုင်ခြင်း) ရှင်းပြထားသည့် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၃-၃၊ တင်ပို့မှု အချက်အလက်များ**

MGE သည် အစိတ်အပိုင်းများ ခွဲခြားထားသော အရောင်းများနှင့် တင်ပို့မှုအချက်အလက်များ ထုတ်ဖော်ပြောပြမှုကို ကတိကဝတ်ပြုထားကြောင်း အပါအဝင် MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၄-၂၊ ပစ္စည်းအားဖြင့် ဝင်ငွေများ**

ပူးပေါင်းပါဝင်သူများနှင့် EITI အစီရင်ခံစာ တွေ့ရှိချက်များ အကြား ဝိရောဓိဖြစ်နေသည့် ရှင်းပြချက်များနှင့် ပစ္စည်းဖြင့် ပေးချေမှုများ၏ အစိတ်အပိုင်း ခွဲခြားမှုအတွက် လိုအပ်ချက်နှင့် စပ်လျဥ်း၍ MSG မှ တုံ့ပြန်မှုကို အတည်ပြုသူက မှတ်သားထားပါသည်။

သတ်မှတ်ချက် ၄-၂ အရ သီးခြား ကုမ္ပဏီများက အစိတ်အပိုင်း ခွဲခြားမှုပြုလုပ်ရန် အချက်အလက်များ လိုအပ်ပြီး အမျိုးအစား ညီမျှသော ဝင်ငွေအဆင့်များနှင့် ပေးချေမှု စီးကြောင်းများ လိုအပ်သည်။ ထုတ်ဖော်ပြောပြမှုကို ထုတ်ကုန်အမျိုးအစား၊ ဈေးနှုန်း၊ ဈေးကွက်နှင့် အရောင်းပမာဏတို့ဖြင့် စိတ်ပိုင်းရန် အစီရင်ခံခြင်းကိုလည်း တိုက်တွန်း အားပေးသည်။

ရောင်းရသည့် ပမာဏများနှင့် ဝယ်ယူသည့် ကုမ္ပဏီများက လက်ခံရရှိသည့် ဝင်ငွေများအား ချိန်ညှိခြင်းကိုလည်း တိုက်တွန်းအားပေးသည်။

ယခုအချိန်တွင် လုပ်ဆောင်နေခြင်းမရှိသောကြောင့် ပစ္စည်းဖြင့် ပေးချေမှုများအတွက် အချက်အလက်များကို လာမည့် အစီရင်ခံစာများမှစ၍ ကုမ္ပဏီက အစိတ်အပိုင်းများ ခွဲခြားလိမ့်မည်ဖြစ်ကြောင်း MSG တုံ့ပြန်မှုက မှတ်ချက်ပြုထားပါသည်။

၎င်းပြင် ပစ္စည်းဖြင့် ပေးချေမှုများ၏ အရေးပါမှုအား တိကျပြတ်သားသော ဆန်းစစ်အကဲဖြတ်မှုလည်း မရှိပေ။

ဤအရာများနှင့် အတည်ပြု အစီရင်ခံစာတွင် ဖော်ပြထားသော အခြားအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် ဤအဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုကို ထိန်းသိမ်းထားသည်။

**သတ်မှတ်ချက် ၄-၅၊ SOE လွှဲမှုရေး အရောင်းအဝယ်များ**

SOE နှင့် ဆက်နွှယ်နေသည့် ဘတ်ဂျက်လွှဲပြောင်းမှုများအား လူသိရှင်ကြား ထုတ်ဖော်ပြောပြမှုနှင့် စပ်လျဥ်း၍ MSG က ပြုလုပ်ခဲ့သည့် အမှားပြင်ဆင်ချက်ကို အတည်ပြုသူက မှတ်သားထားပါသည်။ MPE သို့ ပေးချေမှုများနှင့် ဆက်နွှယ်နေသည့် အချက်အလက်များကို ဖော်ထုတ်မည်ဖြစ်ပြီး လာမည့် အစီရင်ခံစာများမှ ချိန်ညှိမည်ဖြစ်ကြောင်းကိုလည်း MSG ၏ တုံ့ပြန်မှုက ဖော်ပြသည်။

အစိုးရ ပါဝင်မှုနှင့် အသုံးစရိတ်မှာ ပြည့်စုံမှုမရှိသည့်အပြင် ဒွိဟဖြစ်စရာ ဖြစ်နေခြင်း အပါအဝင် SOE လူပ်ရှားဆောင်ရွက်မှုများနှင့် ဆက်နွှယ်နေသော အချက်အလက်များ ဖွင့်ဟပြောပြမှုကိုလည်း ၎င်းက ဖော်ပြသည်။

သတ်မှတ်ချက် ၄-၅ ၏ အရေးပါသော ကဏ္ဍများကို ဖြေရှင်းပြီးဖြစ်သည့်အပြင် ပိုမိုကျယ်ပြန့်သော ဦးတည်ချက်များကိုလည်း ဖြည့်ဆည်း နေသော်လည်း ကဏ္ဍများအားလုံးကို စိတ်ကျေနပ်ဖွယ် ဖြေရှင်းပြီးဖြစ်သည်ဟု ကောက်ချမချနိုင်ကြောင်း အတည်ပြုမှု အစီရင်ခံစာတွင် မှတ်ချက်ပြုထားသည်။

ထို့ကြောင့် **၎င်း**အဓိပ္ပါယ်ရှိသော တိုးတက်မှု ဆန်းစစ်အကဲဖြတ်မှုကို ထိန်းသိမ်းထားသည်။

**သတ်မှတ်ချက် ၅-၁၊ ဝင်ငွေ ဖြန့်ဝေမှု**

အနာဂတ် EITI အစီရင်ခံစာများတွင် အခြား ငွေစာရင်းများ ထုတ်ဖော်ပြောပြမှု ပိုမို တိုးတက်ကောင်းမွန်လာမည်ဟု **၎င်း**က မျှော်လင့်သည်ဟု ဖော်ပြထားသော MSG ၏ တုံ့ပြန်မှုကို အသိအမှတ်ပြုပါသည်။ ဝင်ငွေနှင့် အသုံးစရိတ်များသည် နိုင်ငံသား၏ ဘတ်ဂျတ်တွင် ပါဝင်ပြီး လူသိရှင်ကြား ဖြန့်ဝေကြောင်းကိုလည်း SOE ဘတ်ဂျတ်ဌာနမှ ရှင်းပြချက်က မှတ်ချက်ပြုထားသည်။

နိုင်ငံတကာ အတွင်းရေးမှူး၏ အချက်အချို့ကို MSG က သဘောမတူသော်လည်း OA ထုတ်ဖော်ပြောပြမှု အချို့ရှိကာ အသေးစိတ်အချက်များ ပိုမို လိုအပ်ကြောင်း **၎င်း**က မှတ်ချက်ပြုထားသည်။

၅.၁ အရ အရေးကြီးသော သတ်မှတ်ချက်တစ်ခုမှာ အကောင်အထည်ဖော် ဆောင်ရွက်နေသော နိုင်ငံသည် မည်သည့် သတ္တုထုတ်ရေးမှ ဝင်ငွေများကို ငွေသားဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ၊ အမျိုးသား ဘတ်ဂျတ်တွင် မှတ်တမ်းတင်ထားကြောင်း ပြသင့်သည်ဟူ၍ဖြစ်သည်၊ ထိုအချက်ကို ပြည့်ပြည့်ဝဝ လိုက်နာခြင်းမရှိပေ။

အထက်ပါ အချက်များကို ထည့်သွင်းစဉ်းစားလျက် ဆန်းစစ်အကဲဖြတ်မှုကို လုံလောက်မှုမရှိသော တိုးတက်မှုတွင် ထိန်းထားနိုင်ပါသည်။

**သတ်မှတ်ချက် ၆-၁၊ လူမှုရေး အသုံးစရိတ်များ**

**၎င်း**ဆန်းစစ်အကဲဖြတ်မှုကို လုံလောက်မှုမရှိသော တိုးတက်မှုမှ အဓိပ္ပါယ်ရှိသော တိုးတက်မှုသို့ အဆင့်မြှင့်ပေးရန် မေတ္တာရပ်ခံချက်ပါသော MSG ၏ တုံ့ပြန်မှုကို အသိအမှတ်ပြုပါသည်။ တုံ့ပြန်မှုတွင် **၎င်း**ဆန်းစစ်အကဲဖြတ်မှုအား အဆင့်မြှင့်ပေးမှုကို ထောက်ကူပံ့ပိုးသော အချက်အလက် အချို့ပါဝင်ပါသည်။

အတည်ပြုသူအတွက် **၎င်း**ပြဌာန်းချက်အရ သတ်မှတ်ချက်များမှာ ပစ္စည်းဖြစ်ပါက မဖြစ်မနေလုပ်ရသော လူမှုရေး အသုံးစရိတ်နှင့် စပ်လျဉ်း**၍** သက်ဆိုင်မှု အရည်အသွေးကို မှတ်တမ်းပြုရန်၊ ဖွင့်ချပြောပြရန်နှင့် **၎င်း**အရာများကို ချိန်ညှိရန်တို့ဖြစ်သည်။

ကနဦး အကဲဖြတ်ဆန်းစစ်ချက်တွင် မှတ်ချက်ပြုခဲ့သည့်အတိုင်း သတ်မှတ်ချက်များ၏ အရေးပါသော ကဏ္ဍများကို အကောင်အထည် မဖော်ရသေးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်များကိုလည်း မဖြည့်ဆည်းနိုင်သေးပေ။ ထို့ကြောင့် မူလဆန်းစစ်အကဲဖြတ်မှုဖြစ်သည့် လုံလောက်မှုမရှိသော တိုးတက်မှုကို ဆက်လက် ထားရှိပါသည်။

**သတ်မှတ်ချက် ၆-၂၊ တစ်စိတ်တစ်ပိုင်း ဘဏ္ဍာရေး အသုံးစရိတ်များ**

**၎င်း**ဆန်းစစ်အကဲဖြတ်မှုကို လုံလောက်မှုမရှိသော တိုးတက်မှုကို အဓိပ္ပါယ်ရှိသော တိုးတက်မှု သို့ အဆင့်မြှင့်ပေးရန် MSG က မေတ္တာရပ်ခံခဲ့ပြီး MOGE အနေဖြင့် သတ်မှတ်ချက်များကို သတိမူမိခြင်းမရှိခဲ့ကြောင်းနှင့် အမှားပြင်ဆင်သည့် လုပ်ဆောင်ချက်ကို လာမည့် EITI အစီရင်ခံစာများတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြကာ **၎င်း** အကဲဖြတ်ဆန်းစစ်ချက် မှတ်တမ်းမှတ်ရာတွင် ပါရှိသည့် အမှားအချို့ကို ထောက်ပြခဲ့သည်။

MSG ၏ တုံ့ပြန်မှုနှင့် ကနဦး အကဲဖြတ်ဆန်းစစ်ချက်တွင် ဖော်ပြပြီးဖြစ်သော အခြားအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် မူလဆန်းစစ်အကဲဖြတ်မှုဖြစ်သည့် လုံလောက်မှုမရှိသော တိုးတက်မှုကို ဆက်လက် ထားရှိပါသည်။

**သတ်မှတ်ချက် ၇-၁၊ လူသိရှင်ကြား ငြင်းခုံဆွေးနွေးမှု**

EITI အစီရင်ခံစာများကို မြန်မာဘာသာဖြင့် ဘာသာပြန်ဆိုရန် MATA မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ **၎င်း**ကို **၎င်း**အတည်ပြုမှု အစီရင်ခံစာတွင် ထောက်ခံအကြံပြုချက်တစ်ခုအဖြစ် ထပ်ထည့်ပြီးဖြစ်ပါသည်။ **၎င်း**ဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၇-၃၊ ထောက်ခံအကြံပြုမှုများနှင့် ပတ်သက်၍ နောက်ဆက်တွဲ ဆောင်ရွက်မှု**

တိုင်ပင်ဆွေးနွေးရေး အလုပ်ရုံဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်ရေးနှင့် အစိုးရ အေဂျင်စီ အမျိုးမျိုးမှ ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ရယူရေးတို့နှင့် စပ်လျဉ်း၍ MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။

**သတ်မှတ်ချက် ၇-၄၊ အကောင်အထည်ဖော် ဆောင်ရွက်မှု၏ ရလဒ်နှင့် သက်ရောက်မှု**

မြန်မာနိုင်ငံတွင် နိုင်ငံလုံးဆိုင်ရာ မဟုတ်သည့် အဖွဲ့များ တည်ထောင်ခြင်းနှင့် နိုင်ငံလုံးဆိုင်ရာ မဟုတ်သည့် EITI ဖော်ဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ MSG မှ ဝေဖန်ပြောဆိုမှုများကို အတည်ပြုသူက မှတ်သားထားပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုမှာ မပြောင်းလဲဘဲ ဆက်လက် ရှိနေပါသည်။